# ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ၊ ရန်ကုန်

## (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို (၂၀-၂-၂၀၁၉)ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို (၁၉-၂-၂၀၁၉)ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါသင်တန်းများ၏ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)သင်တန်း(၁/၂၀၁၆)ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။

၂။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်း (၁/၂၀၁၈) ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။

၃။ ဆေးပညာမဟာသိပ္ပံ(ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ)သင်တန်း (၁/၂၀၁၈) ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။

၄။ ဆေးပညာသင်ကြားရေးဒီပလိုမာသင်တန်း (၃/၂၀၁၈) ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး(၁၅၀၀၀/-)ကျပ်နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည်အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး(၁၀၀၀၀/-)ကျပ်ကိုပေးသွင်းရမည်။သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ x နှစ်လက်မ) အရွယ်ရောင်စုံဓါတ်ပုံ(၅)ပုံနှင့်အတူ (၄-၂-၂၀၁၉)ရက်နေ့၊ နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန် မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက် တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန် မော်ကွန်းထိန်းရုံးခန်း (ဖုန်း၊၀၁-၃၉၅၃၆၇)၊ စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း ၀၁- ၃၉၅၂၁၃၊ ၃၉၅၂၁၄(လိုင်းခွဲ-၁၅))သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အမိန့်အရ

လှလှရီ
မော်ကွန်းထိန်း
ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ၊ ရန်ကုန်။

E: War. Convo